CHERRY FOUNDATION

ETHNIC PEACE FEDRALISM

# MPs Support Center

WEEKLY Ethnic News Collection

# ကောက်နုတ်ထားသော သတင်းခေါင်းစဉ်များ

(No, 47.November 22, 2019)

၁။ ရွှေ့ပြောင်းနေထိုင်သူများရောက်ရာအရပ်တွင် မဲပေးခွင့်တိုင်းရင်းသားပါတီများမကျေနပ်

၂။ ကျောက်မဲစစ်ရှောင် ၁၀၀၀ ကျော်သွားပြီ

၃။ ပလက်ဝဒေသတွင်း တိုက်ပွဲများကြောင့် ကျေးရွာ(၁၀)ရွာပျက်စီးသွား

၄။ ထွန်းမြတ်နိုင်ရဲ့မိသားစုဖြစ်ရုံနှင့် ထိန်းချုပ်ထားတာ ဘာသဘောလဲဟု မယမင်းမြတ်မေးခွန်းထုတ်

၅။ NCA အကောင်အထည်ဖော်ရေး ပူးတွဲအစည်းအဝေး (JICM) ပြန်စရန် သဘောတူ

၆။ ခြေဥပြင်ဆင်ရေးဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်ကို သဘောမတူဟု တပ်မတော်သားကိုယ်စားလှယ်ပြော

၇။ ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီကြား မကျေလည်မှုပြေလည်

၈။ IDP ကျောင်း ၂၀ ကျော် စုံညီပွဲတော်စုပေါင်းပြုလုပ်

၉။ ကျောက်မီးသွေးသုံး ဘီလပ်မြေစက်ရုံဒေသခံများ လက်ခံမည်မဟုတ်

၁၀။ ရှမ်းမြောက်စစ်ရှောင်များအတွက် အကူအညီများအရေးပေါ် လိုအပ်

၁၁။ ဦးဇော့တင်းကိစ္စနဲ့ပတ်သက်ပြီး ပြည်နယ်အဆင့်မှ လုပ်နိုင်သည့်လုပ်ငန်းကုန်ပြီဟု ဝန်ကြီးဆို

၁၂။ ဦးဝမ္မသူးမောင်း ကြေးရုပ်ပန္နက်တင်ဖွင့်ပွဲနှင့် သစ်ပင်စိုက်ပွဲကျင်းပ

၁၃။ အမျိုးသားလွှတ်တော်အမတ်ကို AA ဖမ်းဆီးထားမှု ပြည်ထောင်စုလွှတ်တော်ပြင်းထန်စွာကန့်ကွက်ရှုတ်ချ

၁၄။ ဘားအံမြို့နယ်အတွင်း လမ်းနယ်နိမိတ်သတ်မှတ်ချက် အကြောင်းကြားစာအပေါ် ဒေသခံအချို့ စိုးရိမ်စိတ်ဖြစ်ပေါ်

၁၅။ မြေယာအငြင်းပွားမှုကိစ္စကြောင့် မြဝတီမြို့ခံ ၅၀၀ ကျော် ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့

၁၆။ အပစ်ရပ်ကာလအတွင်း တရားမျှတမှုလက်လှမ်းမှီရန် အလှမ်းဝေးဆဲဟု KHRG ပြော

၁၇။ နိုင်ငံခြားအကူအညီတောင်းခံမှု NRPC မှ ခွင့်ပြုချက်ရယူရေးကိစ္စ ဌာနဆိုင်ရာလုပ်ဆောင်ချက်အချို့ အဟန့်အတားဖြစ်စေဟု KNU ပြော

၁၈။ တွန်းဖုံမြို့နယ်တွင် မူလတန်းပြ ဆရာမတစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရ

၁၉။ ရေးမြို့နယ်တွင် ရွှေ့ပြောင်းလုပ်သားညီအစ်ကိုနှစ်ဦးက မိန်းကလေးငယ်တစ်ဦးကို ပြန်ပေးဆွဲ လူသတ်မှုဖြစ်ပွား

၂၀။ ရက် ၉၀ ရွှေ့ပြောင်းရောက်ရှိသူ မဲပေးခွင့်ဘယ်လိုရိုက်ခတ်နိုင်သလဲ

၂၁။ ရှမ်းမြောက်တွင် နိုဝင်ဘာလဝက်အတွင်း တိုက်ပွဲ ၃၀ နီးပါးဖြစ်

၂၂။ သျှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲဆက်တိုက်ဖြစ်ပွားဒေသခံများ စစ်ဘေးရှောင်နေရ

၂၃။ ICJ သို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သွားရောက်ရင်ဆိုင်မည့်အပေါ် နိုင်ငံတကာမီဒီယာများ အလေးပေးဖော်ပြ

၂၄။ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ကျပ်သိန်း ငါးထောင်သွားရောက်လှူဒါန်း

၂၅။ ICJ တွင် ကာကွယ်လျှောက်လဲမည့် မြန်မာ၏ရပ်တည်ချက်ကို ကုလအထူးကိုယ်စားလှယ်ကြိုဆို

**********

## ၁။ ရွှေ့ပြောင်းနေထိုင်သူများရောက်ရာအရပ်တွင်မဲပေးခွင့်တိုင်းရင်းသားပါတီများမကျေနပ်

Tuesday, November 19, 2019

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်လိုက်သည့် ရွှေ့ပြောင်းနေထိုင်သူများမဲပေးခွင့် ကန့်သတ်ချက်သည် ဌာနေဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများကို ဆုံးရှုံးစေနိုင်သည်ဟု ကချင်ပြည်နယ် အခြေစိုက်တိုင်းရင်းသား ပါတီတချို့ကပြောသည်။
ရွှေ့ပြောင်းနေထိုင်သူများအား ရောက်ရှိနေထိုင်ရာမဲဆန္ဒနယ်မြေတွင် ရက်ပိုင်း၉၀ဆက်တိုက်နေထိုင်ပါက မဲပေးခွင့်ပြုမည်ဟု ရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာလဆန်းပိုင်းက ကြေညာလိုက်ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC) ဥက္ကဋ္ဌဒေါက်တာ M ကောန်လက "ဒါက ပြည်နယ်တွေတင်မဟုတ်ဘူး တိုင်းဒေသကြီးတွေနဲ့လည်းပတ်သက်တယ်။ အားလုံးနဲ့ဆိုင်တယ်။ ကျနော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲစနစ်က မြို့နယ်ကိုအခြေခံပြီးလုပ်တာလေ လူမျိုးကိုအခြေခံတာမဟုတ်ဘူး။ ရှင်းရှင်းလေးရယ်။ အဓိက နိုင်ငံရေးအနှစ်သာရ ဖော်ဆောင်တာက ဒေသခံနိုင်ငံသားတွေရဲ့ နိုင်ငံရေးဆုံးဖြတ်ပိုင်ခွင့်ကို ဖော်ဆောင်တာ။ အဲ့တော့ဒေသခံနိုင်ငံသားဆိုတာ အခုမှ ၆ လ လောက်လာနေတာ ၃ လလောက်လာနေတာနဲ့ ဒေသခံတွေရဲ့ နိုင်ငံရေးလွတ်လပ်စွာ ဆုံးဖြတ်ခွင့်ကို သူတို့ကလာပြီး အနှောက်အယှက်ပေးတာလေ" ဟု ပြောသည်။

ရွှေ့ပြောင်းလုပ်သားများနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူများအတွက် နိုင်ငံရေးအခွင့်အလမ်းကို ၎င်းတို့၏မူရင်းဒေသတွင် သာ ပြန်လည်အကောင်အထည်ဖော်သင့်ကြောင်း၊ ခေတ္တရောက်ရှိနေသည့် ဒေသများအတွက် နိုင်ငံရေးအဆုံးအဖြတ်များကိုပေးခိုင်းခြင်းမှာဒေသခံများ၏ နိုင်ငံရေးအခွင့်အလမ်းများကို စွက်ဖက်ခွင့် ပေးလိုက်ခြင်းဖြစ်ကြောင်း KNC ပါတီကနိုဝင်ဘာလ ဒုတိယအပတ်တုန်းက သဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ https://www.bnionline.net/mm/news-69280

***********

## ၂။ ကျောက်မဲစစ်ရှောင် ၁၀၀၀ ကျော်သွားပြီ

November 21, 2019

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး စစ်ဘေးရှောင်ဦးရေ ၁၀၀၀ ကျော် သွားပြီဖြစ်ပြီး အရေးပေါ်အကူအညီများလည်း လိုအပ်နေသည်။

တအာင်းအမျိုးသမီးအဖွဲ့ TWO ပြောရေးဆိုခွင့်ရှိသူ လွေးချိဆငါးက "ကျမတို့ လောလောဆယ်တော့ ဒုက္ခသည်တွေက ၁၀၀၀ ကျော်ရှိလာတယ်ပေါ့။ ကျောက်မဲနယ် မန်ခေါက်မှာ တချို့ရှိတယ်။ တချို့ကတော့ နမ့်ဆန် ကျောက်ဖြူ လေးရွာမှာရောက်နေတယ်။ ပြေးရတာကကိုက်တန်ရှိမယ်။ နားလွေးရှိမယ်။ မန်ကန်ရှိတယ်။ အာပြောင်ရွာက တချို့ရှိမယ်။ လေးရွာလောက်ရှိမယ်" ဟုပြောသည်။

စစ်ဘေးရှောင်များမှာ ကျောက်မဲမြို့နယ်အတွင်းက မန်ခေါက်ကျေးရွာ၊ ပန်နင်းကျေးရွာနှင့် နမ့်ဆန်မြို့နယ်အတွင်းက ကျောက်ဖြူလေးကျေးရွာတို့တွင် ထွက်ပြေးခိုလှုံလျက်ရှိသည်ဟု TWO ကပြောသည်။

၎င်းတို့အတွက် အရေးပေါ်အကူအညီများလိုအပ်နေသည်ဟု TWO ကဆက်ပြောသည်။ https://www.bnionline.net/mm/news-69317

************

## ၃။ ပလက်ဝဒေသတွင်းတိုက်ပွဲများကြောင့် ကျေးရွာ(၁၀)ရွာပျက်စီးသွား

November 21, 2019

ရက္ခိုင့်တပ်(AA)နှင့် တပ်မတော်တို့ကြား ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် ပလက်ဝဒေသရှိကျေးရွာ (၁၀) ရွာခန့် ပျက်စီးသွားခဲ့ပြီး ဒေသခံများနေထိုင်ခြင်းမရှိတော့ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အရပ်ဖက်အဖွဲ့အစည်းများမှ မဇ္ဈိမသို့ပြောသည်။

လက်ရှိတွင် AA နှင့် တပ်မတော်ကြား တိုက်ပွဲများကြောင့် ပလက်ဝဒေသထဲတွင် ပျက်စီးပြီး လူနေထိုင်ခြင်းမရှိတော့သည့် ကျေးရွာများမှာ ကင်းတလင်းရွာ၊ ခမောင်းဝရွာ၊ မောင်တလန်ရွာ၊ ကုန်းပြင်ရွာ၊ အပါအဝင်ကျေးရွာ ၁၀ ရွာဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ကဆိုသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်ဝန်ကြီး ဦးစိုးထက်က" မနေရဲကြတော့တာ၊ သူကကျောင်းလည်းမရှိတော့ဘူး။ ကင်းတလင်း၊ ခမောင်းဝ၊မောင်တလန်တို့ ရွာတွေလည်း ပျက်သွားပြီမရှိတော့ဘူး " ဟုပြောသည်။

ချင်းပြည်နယ်၊ပလက်ဝမြို့နယ်အတွင်းသို့ AA တပ်ဖွဲ့ ၂၀၁၅ ခုနှစ်ကစတင်လှုပ်ရှားလာပြီး တိုက်ပွဲများဖြစ်ပွားလာခဲ့ရာမှ ကုန်းပြင်ကျေးရွာ၊ ကင်းတလင်းကျေးရွာအပါအဝင်ရွာ ၁၀ ရွာမှ ဒေသခံ ၄၀၀၀ ကျော်သည် ရှင်းလက်ဝရွာ၊ မီးလက်ဝရွာ၊ မီးဇာရွာနှင့် ပလက်ဝမြို့ပေါ်များသို့ တိမ်းရှောင်နေကြရသည်။ https://www.bnionline.net/mm/news-69318

***********

၄။ ထွန်းမြတ်နိုင်ရဲ့မိသားစုဖြစ်ရုံနှင့် ထိန်းချုပ်ထားတာဘာသဘောလဲဟု မယမင်းမြတ်မေးခွန်းထုတ်

November 16, 2019

AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ မိသားစုဖြစ်ရုံဖြင့် ထိန်းချုပ်ထားခြင်းမှာ မည်သည့်သဘောလဲဟု အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့် တရားစွဲခံထားရသူ မယမင်းမြတ် (ခ)မိုးနှင်းဖြူကပြောဆိုလိုက်သည်။

AA စစ်ဦးစီးချုပ်၏ ညီမဖြစ်သော မယမင်းမြတ်နှင့်ယောက်ဖဖြစ်သူတို့ကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တရားရုံးတွင် နိုဝင်ဘာလ ၁၅ ရက်နေ့က တတိယအကြိမ်မြောက် ချုပ်ရက်(ရမန်) ယူခဲ့ပြီး အချုပ်ကားပေါ်သို့ တက်စဉ်မီဒီယာများသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ထွန်းမြတ်နိုင်ရဲ့မိသားစုဖြစ်ရုံနဲ့ ကျွန်မတို့ကို ဒီလိုထိန်းချုပ်ထားတာဘာသဘောလဲရှင့်။ ဒါတရားလား "ဟု AA စစ်ဦးစီးချုပ်၏ညီမဖြစ်သူမယမင်းမြတ် (ခ)မိုးနှင်းဖြူကပြောသည်။ https://www.bnionline.net/mm/news-69247

************

၅။ NCA အကောင်အထည်ဖော်ရေး ပူးတွဲအစည်းအဝေး (JICM) ပြန်စရန်သဘောတူ

November. 21, 2019

အစိုးရငြိမ်းချမ်းရေးကိုယ်စားလှယ်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့မှ ကိုယ်စားလှယ်တို့ NCA ပူးတွဲအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းရေးအစည်းအဝေး JICM ကို ပြန်လည်စတင်ရန်သဘောတူခဲ့ကြသည်။

အစိုးရငြိမ်းချမ်းရေးကော်မရှင် PC မှ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက "ဒီနေ့ကတော့ ၁၀ ဖွဲ့နဲ့ ရပ်တန့်သွားတဲ့ JICM အစည်းအဝေးပေါ့နော်။ ရပ်ဆိုင်းသွားတယ်မကျင်းပနိုင်ခဲ့ဘူး။ ဒါကိုအမြန်ဆုံးကျင်းပနိုင်ဖို့အတွက် ကျနော်တို့နှစ်ဦးနှစ်ဖက်ကြားမှာ ကျော်လွှားရမယ့်အခြေအနေတွေ ကျနော်တို့ဖက်က အဆိုပြုသလို EAOs ဖက်ကလည်းသဘောတူမှုမျှုပါတယ်။ တူတယ်" ဟု နိုဝင်ဘာ ၂၀ ရက်နေ့ကပြောသည်။

နိုဝင်ဘာလ ၂၀ ရက်တွင် NCA အပစ်ရပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အစိုးရငြိမ်းချမ်းရေးကော်မရှင် PC မှကိုယ်စားလှယ်တို့ ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံဆွေးနွေးမှုအတွင်း ရပ်တန့်နေသည့် JICM အစည်းအဝေးကို ပြန်လည် စတင်ရန်၊ ၂၁ ရာစုပင်လုံညီလာခံကို မတ်လအတွင်းကျင်းပရန်အစရှိသည့် အချက်များကိုအကြမ်းဖျင်း သဘောတူခဲ့ကြသော်လည်း NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST အစည်းအဝေးတွင်ပြန်လည် အတည်ပြုချက်ရယူမည်ဟု နှစ်ဖက်ခေါင်းဆောင်များက ပြောသည်။ https://www.bnionline.net/mm/news-69313

************

## ၆။ ခြေဥပြင်ဆင်ရေးဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သဘောထားမှတ်ချက်ကို သဘောမတူဟု တပ်မတော်သားကိုယ်စားလှယ်ပြော

November 16, 2019

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦး လက်မှတ်ရေးထိုး၍ ဥပဒေမူကြမ်းနှစ်ရပ်တင်ထားသော ပြင်ဆင်မှုအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို သဘောမတူကြောင်း တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်ကပြောသည်။

နိုဝင်ဘာ ၁၅ ရက်ကကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေတ္တရပ်နားချိန်တွင် မီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့လည်း ဥပဒေကြမ်းပူးပေါင်းကော်မတီမှာပါတဲ့အတွက် ဒါကိုတော့ ကျွန်တော်တို့အနေနဲ့ကတော့ သဘောမတူဘူး။ ကန့်ကွက်ပါတယ်။ ဘာလို့ကန့်ကွက်လဲဆိုတော့ ကျွန်တော်တို့ ၄၅ ဦးကော်မတီက ဆောင်ရွက်နေတဲ့ ကိစ္စတွေဟာ ဥပဒေကြမ်းတစ်ခုထွက်လာဖို့ အချိန်ကာလဘယ်လောက် အတိုင်းအတာအထိ ရှိမယ်ဆိုတာ မျှော်မှန်းလို့ မရသေးပါဘူး။ ပြီးစီးမဲ့အနေအထားလည်း လက်ရှိမှာမရှိပါဘူး" ဟု ဗိုလ်မှူးချုပ်မောင်မောင်က ပြောသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီသည် အဆိုပါဥပဒေမူကြမ်းနှစ်ရပ်ကို ၄၅ ဦးပူးပါဝင်သည့် ဖွဲ့စည်းပုံပြင်ဆင်ရေးကော်မတီမှ ရရှိလာမည့် မူကြမ်းနှင့်အတူ လွှတ်တော်သို့ တင်သွင်းရန် ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ကော်မတီလေ့လာတွေ့ရှိချက်နှင့် သဘာထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရာတွင် ထိုသို့ပါရှိခဲ့ခြင်းဖြစ်သည်။ https://www.bnionline.net/mm/news-69246

**********

## ၇။ ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီကြား မကျေလည်မှုပြေလည်

November 21, 2019

အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA တို့အကြား မပြေလည်မှုများ ညှိနှိုင်းရခဲ့ပြီဟု ဆွေးနွေးဘက်များကပြောသည်။

NCA လက်မှတ်ရေးထိုးခြင်း ၄ နှစ်ပြည့် အခမ်းအနားတက်ရောက်ရန် လာသော RCSS ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ယွက်စစ်၏ ခရီးစဉ်ကို တပ်မတော်ကတားမြစ်ရာမှ နှစ်ဘက်မပြေလည်မှုများဖြစ်ပေါ်နေခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် RCSS/SSA နှင့် NRPC တို့ ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုအပြီး သတင်းထောက်များကို NRPC မှဦးဇော်ဌေးက "အားလုံးစိုးရိမ်နေသလိုမျိုး ကျနော်တို့နဲ့ အစိုးရနဲ့ RCSS ကြားမှာ အကြောင်းကြောင်းကြောင့် RCSS ဥက္ကဋ္ဌကြီး ခရီးစဉ်အဆင်မပြေဖြစ်ခဲ့သော်ငြားလည်း အခု ၂ ဖက်လုံးက ပွင့်ပွင့်လင်းလင်းဆွေးနွေးတယ်။ အရှိကိုအရှိအတိုင်းဘဲပြောကြဆိုကြတဲ့အပေါ် နားလည်မှုလည်းပိုပြီးတော့

မြင့်တက်လာတယ်လို့တော့မြင်တယ်။ နောင်မှာဒီဟာလိုမျိုး မဖြစ်အောင် ၂ ဦး ၂ ဖက်လုပ်ဆောင်သွားမယ့် အပေါ်မှာလည်း ကျနော်တို့ သဘောထားတွေရပ်တည်ချက်တွေတူပါတယ်။ တူတော့လုံးဝကိုအပြုသဘော ဆောင်တဲ့ ခရီးစဉ် ဖြစ်တယ်" ဟု ပြောသည်။ https://www.bnionline.net/mm/news-69310

************

## ၈။ IDP ကျောင်း ၂၀ ကျော် စုံညီပွဲတော်စုပေါင်းပြုလုပ်

November 21, 2019

ပြည်တွင်းနေရပ်စွန့်ခွာသူ (IDP) စာသင်ကျောင်းပေါင်း ၂၀ ကျော်မှ ကျောင်းသားများ စုံညီပွဲတော်ကို KNU-ကရင်အမျိုးသားအစည်းအရုံး နယ်မြေဖာအံခရိုင်၊ ပိုင်ကျုံမြို့နယ်တွင် နိုဝင်ဘာ ၁၈ ရက်မှ ၂၂ နေ့အထိ ကျင်းပလျက်ရှိသည်။

စစ်ဘေးရှောင် IDP ကလေးငယ်များ၏ ပညာရေးဆိုင်ရာအခက်အခဲများနှင့် ကျောင်းသားမိဘများ၏ မိမိသားသမီးများအပေါ် ပညာသင်စေလိုသည့် စိတ်ဓါတ်ဖြစ်ပေါ်မြင့်တက်လာစေမည့် ခြေလှမ်းတစ်ရပ် အနေဖြင့် ယခုလို ကျောင်းသားစုံညီပွဲတော်ကို ပြုလုပ်ကျင်းပရခြင်းဖြစ်သည်ဟု ပွဲကိုဦးဆောင်စီစဉ်သူစောရိန်းဘိုးကပြောသည်။

၎င်းက "ကျောင်းတွေက အုပ်ချုပ်မှုမတူညီတဲ့နေရာဒေသမှာရှိနေတယ်။ အစိုးရအုပ်ချုပ်မှုအောက်က ကျောင်းတွေဆိုလည်း သဘောထားကတစ်မျိုးဖြစ်နေမယ်။ ကရင်အုပ်ချုပ်မှုအောက်က ကျောင်းတွေဆိုလည်း တစ်မျိုးပေါ့။ ဒါပေမဲ့ ကရင်လူမျိုးတွေပဲဖြစ်တယ်။ ကျနော်တို့ရည်ရွယ်တာက တစ်စိတ်တစ်ဝမ်းထဲဖြစ်လာဖို့နဲ့ အချင်းချင်းနားလည်မှု ပိုရရှိလာဖို့ဖြစ်တယ်" ဟု ကေအိုင်စီသို့ ပြောသည်။ https://www.bnionline.net/mm/news-69319

**********

## ၉။ ကျောက်မီးသွေးသုံးဘိလပ်မြေစက်ရုံဒေသခံများ လက်ခံမည်မဟုတ်

November 20, 2019

မွန်ပြည်နယ်ကျိုက်မရောမြို့နယ်အတွင်း ကျောက်မီးသွေးဖြင့် လည်ပတ်ရန်စီစဉ်နေသည့် ဘိလပ်မြေစက်ရုံ စီမံကိန်းကို ဒေသခံများလက်မခံမည်မဟုတ်ပဲ အခြားလောင်စာဖြင့် ပြောင်းလဲအသုံးပြုရန်တောင်းဆိုထားသည်ဟု ဒေသခံများကပြောသည်။

ကျိုက်မရောမြို့နယ်အတွင်း ကျောက်မီးသွေးဖြင့် လည်ပတ်ရန်စီစဉ်နေသည့် June Cement Industry Limited မှ တည်ဆောက်မည့် ဘိလပ်မြေစက်ရုံစီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) အကြောင်း လူထုရှင်းလင်းပွဲကို နိုဝင်ဘာလ ၁၇ ရက်နေ့တွင် သက်ဆိုင်ရာ ကုမ္ပဏီက ပြုလုပ်ခဲ့သည်။

အဆိုပါလူထုရှင်းလင်းပွဲကို ဘီလပ်မြေစက်ရုံတည်ဆောက်မည့်နေရာ ပတ်ဝန်းကျင်ရှိမယ်ခရိုကျေးရွာတွင် ပြုလုပ်ခဲ့ပြီး ပတ်ဝန်းကျင်ရှိကယ်ခရို၊ ကော့ဒွန်၊ ကော့ပနော်၊ ကော့ဝမ်းစသည့် ကျေးရွာ ၅ တို့မှ ဒေသခံများတက်ရောက်ခဲ့ကြကာ ကုမ္ပဏီမှစက်ရုံတည်ဆောက်ခြင်း၊ ကျောက်မိုင်းတူးဖော်ခြင်း အကြောင်းရှင်းလင်းမှုပြုလုပ်ခဲ့သည်ဟု ကျိုက်မရော ဒေသခံနိုင်ရွှေဝင်းကဆက်ပြောသည်။ https://www.bnionline.net/mm/news-69304

**********

## ၁၀။ ရှမ်းမြောက်စစ်ရှောင်များအတွက်အကူအညီများအရေးပေါ် လိုအပ်

November 20, 2019

(တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) မှ လွေးချိုဆငါးနှင့်တွေ့ဆုံမေးမြန်းချက်)

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ယခုရက်ပိုင်းအတွင်း တိုက်ပွဲများဆက်တိုက်ဆိုလိုပြန်လည်ဖြစ်ပွားနေသောကြောင့် ဒေသခံလူထု ၃၀၀ ကျော်က ဘေးလွတ်ရာနီးစပ်ရာကျေးရွာများသို့ စစ်ဘေးရှောင်နေကြရသည်။

ထွက်ပြေးတိမ်းရှောင်လာသည့် စစ်ဘေးရှောင်များအတွက် အနွေးထည်၊စောင်နှင့်အစားအသောက် အကူအညီများ အရေးပေါ် လိုအပ်နေသည်ဟု ကူညီဆောင်ရွက်ပေးသူများကပြောသည်။

ထို့အပြင်တိုက်ပွဲများကြောင့် ကျေးရွာများအတွင်းသို့ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုများရှိနေသည့်အတွက် နေအိမ်များ ထိခိုက်ပျက်ဆီးခြင်းနှင့်ဒေသခံများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများရှိနေသည်ဟု ဒေသခံများနှင့် ကူညီ ဆောင်ရွက်ပေးနေသူများကပြောသည်။

***********

## ၁၁။ ဦးဇော်တင်းကိစ္စနဲ့ပတ်သက်ပြီး ပြည်နယ်အဆင့်မှ လုပ်နိုင်သည့်လုပ်ငန်းကုန်ပြီဟု ဝန်ကြီးဆို

November 20, 2019

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့်တင်းကိစ္စနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်ကသာ ဖြေရှင်းနိုင်မည်ဖြစ်ပြီး ပြည်နယ်အဆင့်မှ လုပ်နိုင်သည့် လုပ်ငန်းကုန်ပြီဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီးဦးစိုးထက်ကပြောသည်။

ဝန်ကြီးဦးစိုးထက်က "ချင်းပြည်နယ်အစိုးရအနေနဲ့ ပြည်ထောင်စုအစိုးရကို ဖြစ်စဉ်တွေကိုတင်ပြပြီးပြီ။ ကာကွယ်ရေး၊ ပြည်ထဲရေး၊ NRPC ကိုလည်း တင်ပြပြီးပြီ။ နောက်ပြီးတော့ ဘာသာရေးအဖွဲ့အစည်းဖြစ်တဲ့ CBC ကိုလည်း အကူအညီ တောင်းထားပြီးပြီ။ ချင်းပြည်နယ်လွှတ်တော်ကလည်း ပြည်ထောင်စုလွှတ်တော်ကို လည်းစာပို့ထားပြီးပြီ။ လုပ်တဲ့ လုပ်ငန်းတွေကလည်းအတော်ကုန်သွားပြီးပြီ" ဟုပြောသည်။

သူကဆက်ပြီး "ဒီကိစ္စက ပြည်ထောင်စုအဆင့်ကပဲလုပ်ပေးလို့ရမယ်။ သူ့ကိုဖမ်းထားတဲ့နေရာက အေအေ လှုပ်ရှားတဲ့နေရာဖြစ်တဲ့အတွက် ဘယ်လိုမှကျွန်တော်တို့ သွားလို့မရဘူး" ဟု ပြောသည်။ https://www.bnionline.net/mm/news-69300

**********

၁၂။ ဦးဝမ္မသူးမောင်းကြေးရုပ်ပန္နက်တင်ဖွင့်ပွဲနှင့် သစ်ပင်စိုက်ပွဲကျင်းပ

November 19, 2019

ချင်းအမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝမ္မသူးမောင်း ကြေးရုပ်ပန္နက်တင်ဖွင့်ပွဲကို မင်းတပ်မြို့ရှိ ဦးဝမ္မသူးမောင်းပန်းခြံတွင် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ပြုလုပ်ပြီးသစ်ပင်စိုက်ပွဲကို ခေါ်နူးစုမ်အမျိုးသား ဥယာဉ်တွင် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပွဲတွင် ချင်းပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီးဦးစိုးထက်၊ နော်ဝေနိုင်ငံ၊ Froland မြို့တော်ဝန် Mr. Ove Gundersen နှင့်နော်ဝေနိုင်ငံရှိ ဒေါ်အောင်ဆန်းစုကြည် ပန်းခြံဖြစ်မြောက်ရေးအမှု ဆောင်ကော်မတီဥက္ကဌ John Thang Mang တို့ အဖွဲ့ပါဝင်တက်ရောက်ခဲ့ကြောင်းသိရသည်။

နော်ဝေနိုင်ငံရှိ ဒေါ်အောင်ဆန်းစုကြည်ပန်းခြံဖြစ်မြောက်ရေးကော်မတီတွင် ပါဝင်သူ ဆလိုင်းကျော်မိုးက "သူတို့ ခေါ်နူးစုမ်တောင်မှာ သစ်ပင်လာစိုက်တယ်ဆိုတာက အမှတ်တရပေါ့၊ ချင်းပြည်နယ်အစိုးရဖွဲ့နဲ့အမှတ်တရပေါ့၊ ပြီးတော့ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်အိမ်ခြံတွင်းမှာလည်း ငြိမ်းချမ်းရေးသစ်ပင်စိုက်ကြတယ်" ဟု ပြောသည်။ https://www.bnionline.net/mm/news-69276

**********

၁၃။ **အမျိုးသားလွှတ်တော်အမတ်ကို AA ဖမ်းဆီးထားမှုပြည်ထောင်စုလွှတ်တော်ပြင်းထန်စွာကန့်ကွက်ရှုတ်ချ**

November 19, 2019

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ အမျိုးသားလွှတ်တော်အမတ် ဦးဟွေ့တင်းအား ရက္ခိုင့်တပ်မတော် (AA) မှ ဖမ်းဆီးထားမှုအပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်းနှင့် ဦးဟွေ့တင်းနှင့်တကွ ဖမ်းဆီးထားသူများကို ခြွင်းချက်မရှိ ပြန်လည်လွှတ်ပေးရန်တောင်းဆိုကြောင်း အရေးကြီးအဆိုကို နိုင်ဝင်ဘာ ၁၈ ရက်ယနေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်တွင်အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်အမတ် ဦးဟွေ့တင်းအား နိုင်ဝင်ဘာလ ၃ ရက်နေ့တွင် ရက္ခိုင့်တပ်မတော် (AA)မှ ဖမ်းဆီးထားမှုနှင့်ပတ်သတ်ပြီး အောင်မြေသာဇံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးတင်သွင်းခဲ့သည့် အရေးကြီးအဆိုကို ယနေ့တွင်ကျင်းပခဲ့သည့်ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့ကြသည်။

ဒေါက်တာလှမိုး၏ အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၈ ဦးက ဆွေးနွေးခဲ့ကြပြီး လွှတ်တော်အမတ် ၅၇၆ ယောက်ရှိသည့်အနက် ထောက်ခံမဲ ၃၆၇ မဲ၊ ကန့်ကွက်မဲ ၇ မဲ၊ ကြားနေမဲ ၃ မဲ၊ မဲမပေးသူ ၁၉၀ ဦးဖြင့် အတည်ပြုခဲ့ကြောင်းသိရသည်။ https://www.bnionline.net/mm/news-69275

**********

## ၁၄။ ဘားအံမြို့နယ်အတွင်း လမ်းနယ်နိမိတ်သတ်မှတ်ချက် အကြောင်းကြားစာအပေါ် ဒေသခံအချို့ စိုးရိမ်စိတ်ဖြစ်ပေါ်

November 20, 2019

ကရင်ပြည်နယ်၊ ဘားအံမြို့နယ် လမ်းဦးစီးဌာနက သတ်မှတ်ထားသည့် လမ်းနယ်နိမိတ်အတွင်း တရားမဝင် လမ်းနယ် ကျူးကျော်နေမှုများအား ဖယ်ရှားပေးရန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှ စာထုတ်ပြန်ထားသည့် ကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာဆက်သွယ်ရေးလမ်းမနှင့်သက်ဆိုင်သည့် လမ်းကြော၏ ကားလမ်းဘေးတွင် နေထိုင်သူအချို့ ဒေသခံများက စိုးရိမ်မှုများဖြစ်ပေါ်လျက်ရှိသည်။

ပြည်နယ်လမ်းဦးစီးဌာနမှတဆင့် အကြောင်းကြားမှုအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပြီးခဲ့သည့် အောက်တိုဘာလ ၂၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၎င်းစာပါ လမ်းမိုင်အရှည်နှင့်လမ်းနယ်နိမိတ် သတ်မှတ်ချက်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသခံများအား သေချာစွာရှင်းလင်းပြောဆိုခြင်းမရှိကြောင်း အဆိုပါလမ်းမကြီးဘေး နေထိုင်သည့် ဒေသခံများကပြောဆိုသည်။

လိုင်ကွှာကျေးရွာအုပ်စု၊ ကော့မူးနတ်ကျေးရွာသူနန်းတင်သိန်းက "ကျမတို့ အိမ်ကလမ်းမကြီးဘေးမှာဆိုတော့ လမ်းနယ်ထဲ ရောက်လားမရောက်လားမသိဘူး။ အုပ်ချုပ်ရေးမှူးက စာပို့တာရှိတယ်။ သူတို့ပို့တဲ့စာက နားမှမလည်တာ။ အိမ်ကလမ်းနယ်ထဲဘယ်လောက်ပါသွားမလဲမသိဘူး။ ရှင်းရှင်းလင်းလင်းလာရှင်းပြစေချင်တယ်။ သူတို့ရေးထားတဲ့အတိုင်း လမ်းနယ်ပေ ၂၃၀ ဆိုရင် ကျမတို့ စိုးရိမ်တာပေါ့။" ဟု ကေအိုင်စီသို့ ပြောသည်။ https://www.bnionline.net/mm/news-69291

**********

## ၁၅။ မြေယာအငြင်းပွားမှုကိစ္စကြောင့် မြဝတီမြို့ခံ ၅၀၀ ကျော်ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့

November 19, 2019

ကရင်ပြည်နယ်၊ မြဝတီမြို့တွင် မြေယာအငြင်းပွားမှုကိစ္စကြောင့် နိုဝင်ဘာလ ၁၇ ရက်နံနက်ပိုင်းက မြဝတီမြို့ခံ ၅၀၀ ခန့် စုဝေးပြီးမြို့တွင်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်မှုတစ်ရပ်ပြုလုပ်ခဲ့ကြသည်ဟုသိရသည်။

လွန်ခဲ့သည့် ၂ လခန့်က မြဝတီမြို့အမှတ်(၅)ရပ်ကွက် သောင်ရင်းမြစ်ကမ်းဘေး ၁၄ ဂိတ်တွင် နေထိုင်သည့် အိမ်ထောင် ၂၀၀ ခန့်အား အဆိုပါဂိတ်ရှိ နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့မှ ဗိုလ်ကြီးမျိုးကြည်ဆိုသူက နေအိမ်များ

ဖယ်ရှားပေးရန် ဖိအားပေးပြောဆိုမှုများရှိလာ၍ ဤကဲ့သို့ ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သူ တစ်ဦးကဆိုသည်။

"ဒီမြေပေါ်မှာ ကျနော်တို့ကိုယ်တိုင် ခြံနွယ်တွေကို ခုတ်ထွင်ရှင်းလင်းပြီး နေလာတာ ၁၀ နှစ်ကျော်ပြီ ဘယ်သူ့ကိုမှ လည်း ပိုက်ဆံမပေးရသလိုဘယ်သူမှလည်း လာပြီးမောင်းထုတ်တာမရှိဘူး။ တလောကမှ တရုတ်နိုင်ငံသားတွေ လာပြီး မြေတိုင်းကြည့်ရှုပြီးမကြာဘူး။ ဒီဂိတ်တာဝန်ရှိသူက ဒီမှာနေထိုင်တဲ့ ကျနော်တို့အိမ်ထောင်စု ၁၇၅ စုကို ပြောင်းပေးဖို့ ပြောလာသလို လူသွားလမ်းတွေကိုခြံခတ်ပိတ်ဆို့တာတွေပြုလုပ်လာပါတယ်။ ဒါကိုသက်ဆိုင်ရာ အာဏာပိုင်တွေက သိရှိပြီးဖြေရှင်းပေးစေလိုပါတယ်" ဟု ဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်သူ ဦးမင်းဇော်က ပြောသည်။ https://www.bnionline.net/mm/news-69259

************

## ၁၆။ အပစ်ရပ်ကာလအတွင်းတရားမျှတမှုလက်လှမ်းမှီရန်အလှမ်းဝေးဆဲဟု KHRG ပြော

November 19, 2019

လက်ရှိအပစ်ရပ်ကာလအတွင်း ဒေသခံရွာသားများအနေဖြင့် တရားမျှတမှုအတွက် လက်လှမ်းမှီရန် အလှမ်းကွာဝေးနေဆဲဟု ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)က နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်သည့် 'လက်လှမ်းမမှီနိုင်သေးသော အမှန်တရားများ' အစီရင်ခံစာတွင်ထောက်ပြထားသည်။

အဆိုပါအစီရင်ခံစာသည် မြန်မာပြည်အရှေ့တောင်ပိုင်းဒေသရှိ ဒေသခံများ၏ ငြိမ်းချမ်းရေး၊တရားမျှတမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပေါ် အမြင်သဘောထားများကို အများသိရှိရန်နိုင်ရန် ရည်ရွယ်ထုတ်ပြန်ခြင်းဖြစ်သည်ဟု KHRG က ပြောသည်။

ထို့အပြင် ၂၀၁၂ ပဏာမအပစ်ရပ်ပြီး နောက်ပိုင်းတိုက်ပွဲများလျော့နည်းသွားသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှု ပုံစံသစ်များဖြစ်သည့် မြေယာသိမ်းယူခြင်း၊ စီးပွားရေးလုပ်ငန်းများကြောင့် ထိခိုက်ခံရမှုစသည့် ပုံစံမျိုးစုံဖြင့် ဒေသခံများကြုံတွေ့နေရသည်။ ထို့အတွက် တရားမျှတမှုရရှိရန်အလှမ်းကွာဝေးဆဲ အခြေအနေဖြစ်နေသည်ဟု KHRG စီမံကိန်း ဒါရိုက်တာ နော်ထူးထူးက ကေအိုင်စီသို့ပြောသည်။

၎င်းက "လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ ပြည်သူတွေက တရားမျှတမှုကိုလိုချင်ကြတယ်။ သူတို့တရားရုံးမှာတိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ လက်နက်ကိုင်ကိုကြောက်ရတယ်။ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးရော၊ မြန်မာအစိုးရရော ကျမတို့ပြောချင်တာကတရားရုံးကိုသွားဖို့ ပြည်သူတွေက ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲအားလုံးကို ရင်ဆိုင်ဖြေရှင်းပေးဖို့၊ တရားစီရင်ရေးစနစ်မှာလည်း ဘက်လိုက်မှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတတဲ့စနစ်ကို ဖော်ဆောင်ပေးဖို့ တိုက်တွန်းချင်ပါတယ်" ဟု နိုဝင်ဘာ ၁၅ ရက်နေ့တွင်ပြောသည်။ https://www.bnionline.net/mm/news-69258

**********

## ၁၇။ နိုင်ငံခြားအကူအညီတောင်းခံမှု NRPC မှ ခွင့်ပြုချက်ရယူရေးကိစ္စ ဌာနဆိုင်ရာလုပ်ဆောင်ချက်အချို့ အဟန့်အတားဖြစ်စေဟု KNU ပြော

November 18, 2019

အပစ်ရပ်လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပြည်ပအကူအညီတောင်းခံမှုအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန -NRPC ထံခွင့်ပြုချက်ရယူရေးကိစ္စကြောင့် KNU-ကရင်အမျိုးသားအစည်းအရုံး၏ ဌာနဆိုင်ရာလုပ်ဆောင်ချက်အချို့အဟန့်အတားဖြစ်စေသည်ဟု KNU ကဆိုသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်-NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် (၁၀)ဖွဲ့ထံသို့ ပြီးခဲ့သည့် စက်တင်ဘာလ ၃ ရက်နေ့တွင် ငြိမ်းချမ်းရေးကော်မရှင်က ပေးပို့သည့်စာတွင် အပစ်ရပ်စာချုပ်လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း-EAOs များအနေဖြင့် ပြည်ပအကူအညီတောင်းခံပါက တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းမှုမပြုဘဲ NRPC ထံသို့ ဦးစွာတင်ပြပြီး ခွင့်ပြုချက်တောင်းခံရမည်ဟု ဖော်ပြပါရှိခဲ့သည်။

အဆိုပါပေးပို့သည့်စာကြောင့် KNU ၏ လက်အောက်ခံဌာန (၁၄)ခုမှ တစ်ခုဖြစ်သည့် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန-KECD အနေဖြင့် ကရင်ပြည်နယ်အတွင်း ပြုလုပ်မည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းစင်တာတစ်ခု စတင်နိုင်ရန်အတွက် အဟန့်အတားများကြုံတွေ့နေရကြောင်း ၎င်း၏အတွင်းရေးမှူးဖြစ်သူ စောလောအယ်မူး ကယခုလိုပြောသည်။ https://www.bnionline.net/mm/news-69245

**********

## ၁၈။ တွန်းဇံမြို့နယ်တွင် မူလတန်းပြဆရာမတစ်ဦးသေနတ်ဖြင့်ပစ်သတ်ခံရ

November 20, 2019

ချင်းပြည်နယ်၊ တွန်းဇံမြို့နယ် ဟိုင်ကျင်းကျေးရွာအုပ်စု Tuivialzang ကျေးရွာတွင် တာဝန်ကျသည့် မူလတန်းကျောင်း ဆရာမတစ်ဦးကို အိန္ဒိယနိုင်ငံမဏိပူရ ပြည်နယ်မှ ကသည်းလူမျိုးတစ်ဦးက ပြီးခဲ့သည့် နိုဝင်ဘာလ (၁၇) ရက် ညက သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်ဟုသိရသည်။

အခင်းဖြစ်စဉ်မှာ Tuivialzang ကျေးရွာတွင် တာဝန်ကျသော မူလတန်းပြဆရာအသက် (၂၇) နှစ်အရွယ် မ Dim LunMang သည် နိုဝင်ဘာလ ၁၇ ရက်ည ၉ နာရီခွဲခန့်တွင် ၎င်းကျေးရွာတွင် အိမ်ထောင်ကျပြီးနေထိုင်သည့် ကသည်းလူမျိုး Vinok (ခေါ်) Binok က သေနတ်ဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးခဲ့သည်ဟု ဟိုင်ကျင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကမ်ဇအင်ကပြောသည်။

"ည(၉) ခွဲလောက်မှာ အခင်းဖြစ်တယ် အဲဒီကျေးရွာမှာ ဆရာမကနေတာတော့တော်တော်ကြာပြီ လူမှုရေးကိစ္စနဲ့ စကားများတာဖြစ်တယ် လူမှုရေးကိစ္စနဲ့စကားများဖူးတယ်လို့လည်း ပြောကြတယ်၊ ဒါပေမဲ့ အကြောင်းအရင်းတော့ ကျနော်လည်း မသိရသေးဘူး အဲဒါပဲကျနော်တို့ကြားထားတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကမ်ဇအင်က ပြောသည်။ https://www.bnionline.net/mm/news-69302

***********

## ၁၉။ ရေးမြို့နယ်တွင် ရွှေ့ပြောင်းလုပ်သားညီအစ်ကိုနှစ်ဦးက မိန်းကလေးငယ်တစ်ဦးကို ပြန်ပေးဆွဲလူသတ်မှုဖြစ်ပွား

November 20, 2019

ရေးမြို့နယ် အစင်ကျေးရွာမြို့ဟောင်း ကုန်းရပ်မှအသက် ၁ နှစ်ကျော် မိန်းခလေးငယ်တစ်ဦးကို ရွှေ့ပြောင်းလုပ်သားလူငယ် ၂ ဦးက နိုဝင်ဘာ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် နေအိမ်မှပြန်ပေးဆွဲ ငွေတောင်းခံခဲ့ပြီး လူသတ်မှု ဖြစ်ပွားခဲ့ကြောင်း ရေးမြို့နယ် ရဲစခန်းမှသတင်းရရှိသည်။

ပြစ်မှုကျူးလွန်သူဟု ယူဆရသူ ရွှေ့ပြောင်းလုပ်သား ညီအစ်ကိုနှစ်ဦး၏ ထွက်ဆိုချက်အရ သေဆုံးသူ အသက် ၁ နှစ် ၇ လ အရွယ်ရှိ မသံစဉ်ချို (အဘ- ဦးဖိုးဆယ်) ရုပ်အလောင်းကို ရေးမြို့ မီးရထားဘူတာရုံပိုင်းချောင်းတောင် ကျေးရွာတံတားအနီး မီးရထားလမ်းအနောက်ဘက်ရှိ ၄ ပေ အနက်ခန့်ရှိ ရေမြောင်း၌ နိုဝင်ဘာ ၁၉ ရက် ညနေ ၄ နာရီကျော်ခန့်တွင် ရေမြို့မရဲစခန်းတာဝန်ရှိသူများနှင့် နယ်မြေခံရာအိမ်မှူးတို့က ပြန်လည်ဆယ်ယူရရှိခဲ့ခြင်းဖြစ်သည်။

အစင်ကျေးရွာမြို့ဟောင်း ကုန်ရပ်နေ ဦးဖိုးဆယ်၊ ဒေါ်သင်းသင်းအေးနေအိမ်သို့ ရေလုပ်ငန်းလုပ်ကိုင်ရန်လာရောက်နေထိုင်သူ စစ်ကိုင်းတိုင်း အောက်ချင်းတွင်း ခရိုင်၊ဘုတလင်မြို့နယ်၊ စိုင်ပြင်ကျေးရွာဇာတိ အဖဦးသိန်းဗိုလ်၏ သားနှစ်ဦးဖြစ်ကြသော မောင်ရဲရင့်သူ(အသက် ၂၀ နှစ်)နှင့် မောင်ရဲရင့်မျိုး(အသက် ၁၆ နှစ်) တို့က သေဆုံးသူမသံစဉ်ချိုအား အခင်းစတင်ဖြစ်ပွားသည့် နေ့ မွန်းလွဲပိုင်းအချိန်က နေအိမ်မှခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ https://www.bnionline.net/mm/news-69306

**********

## ၂၀။ ရက် ၉၀ ရွှေ့ပြောင်းရောက်ရှိသူ မဲပေးခွင့်ဘယ်လို ရိုက်ခတ်နိုင်သလဲ

November 19, 2019

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒုတိယအကြိမ် ဗဟိုကော်မတီတတိယအကြိမ်မြောက်ပုံမှန်အစည်းအဝေး (စက်တင်ဘာ၂၁-၂၂) မှာ တိုင်းရင်းသားရေးရာကော်မတီဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့ပြီး ၂၀၂၀ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဟာဗျူဟာချမှတ်ခဲ့ပါတယ်။

NLD ပါတီဒုတိယဥက္ကဌ ဒေါက်တာဇော်မြင့်မောင်က "ဒေသခံတိုင်းရင်းသားပါတီတွေဟာ တကွဲတပြားပြိုင်မှာ မဟုတ်တော့ပါဘူး၊ သူတို့ဟာစုပေါင်းပြီး ဖွဲ့စည်းပြီးပြိုင်ကြမှာဖြစ်တဲ့အတွက် ဒါတွေကိုကျော်လွှားနိုင်ဖို့အတွက် ကျနော်တို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ Strategic Plan (မဟာဗျူဟာစီမံကိန်း) ရှိသင့်တယ်၊ အဲဒါကို ဆောင်ရွက်ဖို့ ကျနော်တို့က တိုင်းရင်းသားအစစ်တွေနဲ့ တိုင်းရင်းသားရေးရာကော်မတီကိုဖွဲ့မှာ" လို့ သတင်းစာရှင်းလင်းပွဲမှာ ဆိုခဲ့ပါတယ်။

၂၀၂၀ နဲ့ ၂၀၁၅ ရွေးကောက်အခြေအနေတွေကွာခြားသွားပြီဖြစ်တဲ့အတွက် တိုင်းနဲ့ ပြည်နယ်တွေက လက်ရှိအခြေနေတွေကို စုဆောင်းပြီးမှတစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ NLD ရဲ့ ရွေးကောက်ပွဲမဟာဗျူဟာကို ချမှတ်တာဆိုတဲ့အတွက် ဘာအခင်းအကျင်းတွေက ဘယ်လိုဖြစ်လာမလဲဆိုတာစောင့်ကြည့်နေမိပါတယ်။

တဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပြင်ဆင်မှုကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာလိုက်ပါတယ်။ https://www.bnionline.net/mm/news-69262

***********

## ၂၁။ ရှမ်းမြောက်တွင် နိုဝင်ဘာလဝက်အတွင်းတိုက်ပွဲ ၃၀ နီးပါးဖြစ်

November 20, 2019

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နိုဝင်ဘာလလဝက်အတွင်း တပ်မတော်နှင့် တအန်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် PSLF/TNLA တို့အကြား တိုက်ပွဲအကြိမ်ရေ ၃၀ နီးပါးခန့် ဖြစ်ပွားခဲ့သည်ဟု PSLF/TNLA ကပြောသည်။

နိုဝင်ဘာလ ၁ ရက်နေ့မှ ၁၇ ရက်နေ့အထိ တိုက်ပွဲအကြိမ်ရေ ခပ်စိပ်စိပ်ဖြစ်ပွားလာပြီး နှစ်ဖက်တပ်များတွင် ထိခိုက်မှုများရှိသည်ဟုလည်း ဗိုလ်မှူးမိုင်းအိုက်ကျော်ကပြောသည်။

"နိုဝင်ဘာလထဲကိုပေါ့နော် တိုက်ပွဲအကြီးအငယ်အကုန်လုံးကတော့ ဒီလထဲမှာတော့ ၃၀ နီးပါးလောက်ရှိတယ်၊ ထိခိုက်မှုကတော့ နှစ်ဘက်စလုံးကရှိတယ်။ ထိခိုက်မှုအသေးစိတ်ကတော့မသိရသေးဘူး"

နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်များတွင် တပ်မတော်မှလေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဟု TNLA ကပြောသည်။

"လေယာဉ်နဲ့လာတိုက်တာကတော့ ဒီ ၁၅ ရက်နေ့ ၁ ကြိမ်၊ ၁၆ ရက်နေ့ ၁ ကြိမ်တော့ရှိတယ်၊ နှစ်ရက်ဆက်တိုက် လေယာဉ်ကတော့ ၂ စီးဖြစ်တယ်" ဟု TNLA ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးမိုင်းအိုက်ကျော်က ပြောသည်။ https://www.bnionline.net/mm/news-69289

*************

၂၂။ သျှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲဆက်တိုက်ဖြစ်ပွား ဒေသခံများစစ်ဘေးရှောင်နေရ

November 21, 2019

သျှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ်အတွင်း တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများဖြစ်ပွါးရာ လက်နက်ကြီးပစ်ခတ်မှု ရဟတ်ယာဉ်ဖြင့် ဝဲပျံမှုများရှိသဖြင့် ဒေသခံရွာသားများ တိမ်းရှောင်နေရကြောင်းသတင်းရရှိသည်။

နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီအချိန်ခန့်က မြန်မာ့တပ်မတော်သည် မိုင်းငေါ့မြို့နယ်ဘက်မှ နမ့်ဆန်မြို့နယ် စခန်းသာဘက်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ နေ့လည်ပိုင်းတွင်လည်း တပ်မတော်ဘက်မှ ရဟတ်ယာဉ်ဖြင့် လာရောက်ပျံဝဲကြောင်း TNLA မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးတားအိုက်ကျော်က သျှမ်းသံတော်ဆင့်သို့ပြောသည်။

“ တိုက်ပွဲတော့မဟုတ်ဘူး။ မြန်မာ့တပ်မတော်က ကျနော်တို့ကိုလာပစ်တာ။ ရဟတ်ယာဉ်တွေလာပျံတယ်။ တပ်ကရမ်းပစ်နေတာ” ဟု တားအိုက်ကျော်ကဆိုသည်။

ရဟတ်ယာဉ်သည် နိမ့်စွာဝဲပျံသဖြင့် မိုင်းငေါ့နှင့်ကျောက်မဲကြား မန့်ခေါ်ပ်မန့်ကန်ရွာဘက်ရှိ လူနေအိမ်သက်ကယ်ခေါင်မိုးများ ထရံများလွင့်စင်သည်အထိ ဖြစ်သဖြင့်ဒေသခံများထိတ်လန့် ထွက်ပြေးကြကြောင်းလည်း မိုင်းငေါ့ဘက်မှ ဒေသခံများကပြောသည်။ https://www.bnionline.net/mm/news-69314

************

၂၃။ ICJ သို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သွားရောက်ရင်ဆိုင်မည့်အပေါ် နိုင်ငံတကာမီဒီယာများ အလေးပေး ဖော်ပြ

November 21, 2019

မြန်မာအပေါ်အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) တွင်တရားစွဲဆိုထားမှုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်၍ ခုခံချေပမည့်သတင်းကို ကမ္ဘာ့သတင်းဌာနကြီး အသီးသီးက သတင်းကြီးအဖြစ်ဖော်ပြထားသည်။

‘လူမျိုးတုံးသတ်ဖြတ်မှုစွပ်စွဲချက်ကိုတိုက်ဖျက်မည့် မြန်မာအဖွဲ့အား အောင်ဆန်းစုကြည်ဦးဆောင်မည်’ ဆိုသော ခေါင်းစဉ်ဖြင့် The New York Times သတင်းဌာနကဖော်ပြသည်။

The Guardian သတင်းဌာနက ‘သည် ဟေ့ဂ်မြို့တွင် လူမျိုးတုံးသတ်ဖြတ်မှုစွဲချက်မှ မြန်မာကို အောင်ဆန်းစုကြည် ခုခံကာကွယ်မည်’ ဟုခေါင်းစဉ်တပ်ဖော်ပြသည်။

‘ICJ အမှုကိုမြန်မာ၏ ခုခံချေပမှုအားအောင်ဆန်းစုကြည ‘ဦးဆောင်မည်’ ဟု France 24 သတင်းဌာနက ခေါင်းစဉ်တပ်ဖော်ပြထားသည်။ https://www.7daydaily.com/section?id=12

***********

## ၂၄။ ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက်တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ကျပ်သိန်း ငါးထောင်သွားရောက်လှူဒါန်း

22. November. 2019

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ကျပ်သိန်း ငါးထောင်ကို သွားရောက်လှူဒါန်းခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမတွင် နိုဝင်ဘာ ၂၀ ရက်က ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင် ပြည်သူများ အတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ကျပ်သိန်းငါးထောင်လှူဒါန်းမှု အခမ်းအနားကိုပြုလုပ်ခဲ့ ခြင်းဖြစ်သည်။

"ဒီနေ့ နေ့လည် ၁၂ နာရီလောက်မှာတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုတွေကနေ ရခိုင်ပြည်နယ်မှာရှိတဲ့ တိုက်ပွဲရှောင်ပြည်သူတွေအတွက် အလှူငွေအပ်ပွဲ အခမ်းအနားလေး ပြုလုပ်ခဲ့ပါတယ်။ ဒီတပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုကတော့ အလှူငွေသိန်းငါးထောင် ပေးအပ်ခဲ့ပါတယ်။ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုကနေ ရခိုင်တိုက်ပွဲရှောင်ပြည်သူတွေအတွက် လှူဒါန်းတာဖြစ်ပါတယ်" ဟု ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောကြားသည်။ https://news-eleven.com/article/146513

*************

## ၂၅။ ICJ တွင် ကာကွယ်လျှောက်လဲမည့် မြန်မာ၏ရပ်တည်ချက်ကို ကုလအထူးကိုယ်စားလှယ်ကြိုဆို

November 21, 2019

အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် ကာကွယ်လျှောက်လဲမည့်မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကိုကြိုဆိုကြောင်း ကုလ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ကထုတ်ပြန်ကြေညာသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မစ္စစ်ခရစ္စတင်းရှယန်နာဘာဂီနာသည် နိုဝင်ဘာ ၁၂ မှ ၂၁ ရက်အထိ လာရောက်သော မြန်မာနိုင်ငံခရီးစဉ်အပြီးတွင် ထုတ်ပြန်သည့်ကြေညာချက်၌ ထိုသို့ထည့်သွင်းဖော်ပြ သည်။ မြန်မာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်ခြင်း ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် အပြစ်ပေးရေးဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၅၆ တွင်အတည်ပြုခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်၍ နိုင်ငံတကာ တာဝန်ဝတ္တရားများကို လေးနက်စွာ ဆောင်ရွက်လိမ့်မည်ဟု အထူးကိုယ်စားလှယ်ကသုံးသပ်သည်။

ထို့အပြင် အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံသည် ရောမစာချုပ်(Rome Statutes)ကို လက်မှတ်ရေးထိုးထားခြင်း မရှိ၍ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) နှင့်ပူးပေါင်းရန် ဆက်လက်ငြင်းဆိုမည့်အကြောင်းကို မှတ်သားထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ https://www.7daydaily.com/section?id=7

***********

မှတ်ချက်။ သက်ဆိုင်ရာ သတင်းမီဒီယာအသီးသီးထံမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

**ပြီး**